**Factsheet အမှတ် ၈ - တရားစီရင်ရေးတိမ်းစောင်းမှုအတွက် နစ်နာကြေး (အပိုဒ် ၁၄၊ အပိုဒ်ခွဲ ၆)**

**တရားစီရင်ရေးတိမ်းစောင်းမှု**၊ တနည်းအားဖြင့် **အပြစ်မရှိသူကို အပြစ်ရှိသည်ဟု စီရင်ကာ အပြစ်ဒဏ်ချခြင်း**၊ ပေါ်ပေါက်ခဲ့ပါက အောက်ပါအခြေအနေ အပြီးသတ်ဖြစ်ပြီးသားဆိုလျှင် သက်ဆိုင်သူများကို ဥပဒေအတိုင်း **နစ်နာကြေး**ပေးသင့်သည်။

- ယင်းပုဂ္ဂိုလ်ကို ရာဇဝတ်ပြစ်မှုတခုအတွက် **ပြစ်မှုထင်ရှားကြောင်း အပြီးသတ်စီရင်ချက်ချလိုက်ခြင်း**၊
- ယင်းပုဂ္ဂိုလ်သည် အဆိုပါစီရင်ချက်၏ အကျိုးဆက်အဖြစ် **အပြစ်ဒဏ်ခံစားနေရခြင်း**၊
- **အချက်အလက်အသစ် သို့မဟုတ် အသစ်တွေ့ရှိသော အချက်အလက်များအရ** စီရင်ချက်ကို **ပယ်ဖျက်ခြင်း** သို့မဟုတ် ယင်းပုဂ္ဂိုလ်ကို **အပြစ်မှလွတ်ငြိမ်းခွင့်ပြုခြင်း။**

ယင်းကဲ့သို့သော နစ်နာကြေးကို **သင့်တင့်လျောက်ပတ်သောအချိန်ကာလတခုအတွင်း** ပေးအပ်စေရေး သေချာစေရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် **ဥပဒေပြဋ္ဌာန်းရန် ဝတ္တရားရှိ**သည်။[88]

သို့သော် အောက်ပါအခြေအနေမျိုးသည် တရားစီရင်ရေးတိမ်းစောင်းမှုမဟုတ်သောကြောင့် နစ်နာကြေးပေးစရာ မလိုပါ။

- စွပ်စွဲခံရသူအပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းကို ပြန်လည်ချေဖျက်စေရန် သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ရသွားစေရန် ဦးတည်စေခဲ့သည့် လူသိရှင်ကြားထုတ်ပြန်၍မရသောအချက်အလက်များသည် ပုံမှန်အချိန်တွင် စွပ်စွဲခံရသူနှင့် တခုလုံးဖြစ်စေ တစိတ်တဒေသဖြစ်စေ သက်ဆိုင်နေကြောင်း သက်သေခိုင်လုံခြင်း၊
- အပြစ်ရှိကြောင်းစီရင်ချက်ကို အယူခံဝင်ရာတွင် မပြီးပြတ်ဟု ဆုံးဖြတ်ခြင်း၊ တနည်းအားဖြင့် တရားသူကြီးသည် နောက်ဆုံးအဆင့်မဟုတ်နေခြင်း၊
- လူသားချင်းစာနာထောက်ထားမှု သို့မဟုတ် တရားသူကြီး၏ဆင်ခြင်နိုင်တုံတရားအရ လွတ်ငြိမ်းခွင့်ပေးခြင်း၊ သို့မဟုတ် သာတူညီမျှကို ထည့်သွင်းစဥ်းစားသောကြောင့် ပေးခြင်း။[89]

*<u>လက်တွေ့အခြေအနေ။ ။လူ့အခွင့်အရေးကော်မတီ၏ တွေ့ရှိချက်များ</u>*

- *ပြစ်မှုထင်ရှားစီရင်ချက်ကို ပယ်ဖျက်ခြင်း သို့မဟုတ် လွတ်ငြိမ်းချမ်းသာမှု မရှိခြင်း - နယူးဇီလန်*[90]
  ဤအမှုဖြစ်စဥ်တွင် ဆက်သွယ်ဖြေကြားသူက နိုင်ငံ၏ အယူခံတရားရုံးသည် ICCPR အပိုဒ် ၁၄ (၆)ကို ချိုးဖောက်သည့်အနေဖြင့် ၎င်း၏အယူခံကို ပလပ်ခဲ့ပြီး သင့်တော်သည့် နစ်နာကြေးပံ့ပိုးပေးရန်လည်း ပျက်ကွက်ခဲ့ကြောင်း ပြောကြားသည်။ သို့သော် ၎င်းအပေါ် တရားစီရင်ချက်ကို နောက်ပိုင်းတွင် ပြန်

[88] Human Rights Committee, General Comment No.32 (CCPR/C/GC/32), §52
[89] Human Rights Committee, General Comment No.32 (CCPR/C/GC/32), §53
[90] Human Rights Committee, Communication No. 1909/2009, *<u>Taito Fa'afete v. New Zealand</u>* (CCPR/C/114/D/1909/2009, 7 Sep. 2015)

လည်ပြုပြင်ချေဖျက်ခြင်း မရှိသလို ၎င်းကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်မပေးခဲ့သောကြောင့် ICCPR အပိုဒ် ၁၄(၆)သည် ၎င်း၏အမှုအတွင် အကျုံးမဝင်ကြောင်း ကော်မတီက သုံးသပ်ရှုမြင်သည်။

- *နောက်ဆုံးဆုံးဖြတ်ချက်ဖြင့် တရားသေလွှတ်ခြင်း - ဩစတြေးလျ*[91]

  ဤအမှုဖြစ်စဉ်၌ ဆက်သွယ်ဖြေကြားသူသည် ၁၉၈၉ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်တွင် New South Wales ပြည်နယ် တရားရုံးချုပ်က ၎င်းကို တရားစွဲဆိုခံထားရသော လူသတ်မှု စွဲချက် သုံးခုတွင် ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ကာ ထောင်ဒဏ် အကန့်အသတ်မရှိ ချမှတ်ခံခဲ့ရသည်။ ပြစ်မှု ဆိုင်ရာ အယူခံတရားရုံးက ၁၉၉၁ ခုနှစ်တွင် အပြစ်ရှိကြောင်းဆုံးဖြတ်ချက်ကို ပြန်လည်ပယ်ဖျက်၍ ၎င်းပြန်လည်လွတ်မြောက်သောအခါ ICCPR အပိုဒ် ၁၄(၆) ကို ချိုးဖောက်ကာ "ဥပဒေနှင့်အညီ" နစ်နာကြေး မရရှိခဲ့ကြောင်း ပြောကြားသည်။ ဤအမှုတွင် ဖြေကြားသူကို တရားသေလွှတ်ပေးခဲ့သည့် ပြစ်မှုဆိုင်ရာ အယူခံတရားရုံးက နောက်ဆုံးစီရင်ချက်ကို ချမှတ်ခဲ့သောကြောင့် ICCPR အပိုဒ် ၁၄(၆) သည် ဤဖြစ်စဉ်နှင့် အကျုံးမဝင်ဟု ကော်မတီက ရှုမြင်သုံးသပ်သည်။

- *သာတူညီမျှမှုကိုထည့်သွင်းစဉ်းစား၍ လွတ်ငြိမ်းချမ်းသာမှုဖြင့် တရားသေလွှတ်ပေးခြင်း - ဖင်လန်*[92]

  ဤအမှုဖြစ်စဉ်တွင် ပထမအဆင့်စစ်ဆေးသည့် ပုံမှန်တရားရုံးက ဆက်သွယ်ဖြေကြားသူကို ၁၉၇၈ ခုနှစ်တွင် ထောင်ဒဏ် ၁၁ လချမှတ်ပြီး၊ ဖင်လန်အရှေ့ပိုင်းအထက်တရားရုံးက ၁၉၇၉ တွင် အတည်ပြု ကာ၊ ၁၉၈၀ တွင် ပြစ်ဒဏ်စတင်ခံယူခဲ့ရသည်။ ဖြေကြားသူသည် ၁၉၈၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်း သာခွင့်ဖြင့် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ယင်းပုဂ္ဂိုလ်အပေါ် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ချက်ကို နောက်ထပ်တရားရုံးက ထပ်မံဆင်ခြင်သုံးသပ်ခြင်းမပြုလုပ်ဘဲ နိုင်ငံတော် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်သည် သာတူညီမျှမှုကို ထည့်သွင်းစဉ်းစားချက်အပေါ် အခြေခံသော ကြောင့် ICCPR အပိုဒ် ၁၄(၆) သည် ဤအမှုဖြစ်စဉ်တွင် အကျုံးမဝင်ဟု ကော်မတီက ရှုမြင်သည်။

[91] Human Rights Committee, Communication No. 1367/2005, *Anderson v. Australia* (CCPR/C/88/D/1367/2005)
[92] Human Rights Committee, Communication No. 089/1981, *Muhonen v. Finland* (CCPR/C/24/D/89/1981)